မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 9/Issue 2/February / 2016*



## အံ့ဩဖွယ်အရာများ

လှပသောပန်းပွင့်များနှင့် မြည်တွန်းသောငှက်များလည်း
အရောင်အဆင်းအမျိုးစုံ ကိုယ်တော်ဖန်ဆင်းမူ၏။

အလွန်မြင့်သောတောင်ကြီးတို့ လှပသောမိုးတိမ်လည်း
နေထွက်နေဝင်ရောင်ခြည်ကို ကိုယ်တော်ပြုပြင်တော်မူ၏။

စပါးစိုက်သောမိုးဥတု ချမ်းသောဆောင်းရာသီ
အသီးမှည့်သောနွေကာလ၊ ကိုယ်တော်ကန့်သတ်လေ၏။။

သစ်တောကရသောသစ်သား အိမ်ဆောက်ဘို့ခုတ်သောဝါး
စားဖို့ရန်အမျိုးစုံ သောက်ဖို့ရေလည်း ကိုယ်တော်ပေးတော်မူ၏။

♠ *Smile*

## 2016, Februuary Events







***Holy Communion Sunday***

***2/ 07/ 2016***

~~~~~~~~~~~~~~

***B.C.F. Official Board Members Retreat***

***2/ 13/ 2016***

~~~~~~~~~~~~~~

***B.C.F. Chinese New Year Celebration***

***2/ 14/ 2016***

~~~~~~~~~~~~~~

***Regular Sunday Service***

***2/ 21/ 2016***

~~~~~~~~~~~~~~

***BCF Laity Sunday Service***

***2/ 28/ 2016***

~~~~~~~~~~~~~~

***Every Service on Sunday***
***2:00PM***
***at***
***1337 Farmstead Ave.***
***La Puente, CA 91745***
~~~~~~~~~~~~~~

# မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်၏

# ဗိမာန်တော်သစ်

# အနုမောဒနာပြုခြင်းအခမ်းအနား နှင့် ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်



ဗိမာန်တော်သစ် အနုမောဒနာ ဖွင့်ပွဲ အခမ်းအနား

မြန်မာခရစ်ယာန်မိဿဟာယအသင်းတော် (Burmese Christian Fellowship) ၏ ဗိမာန်တော်သစ် အနုမောဒနာပြုခြင်းအခမ်းအနား နှင့် ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်ကို ၂၀၁၆ ဖေဖေါ်ဝါရီလ ၁၇ရက် တနင်္ဂနွေနေ့ မွန်းလွဲ၂း၀၀ နာရီ အချိန်တွင် ၊ ဗိမာန်တော်တည်ရှိရာ 1337 Farmstead Ave. La Puente, CA 991475 ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားဖွင့်ပွဲ ဖဲကြိုးဖြတ်အစီအစဉ်မှာ BCF အသင်းတော်၏ ဥပုသ်စာဖြေကျောင်း (Sunday School) ၏သမီးငယ်များ ဖြစ်ကြသော Hosanna Htoo Shinn နှင့် Averie Tan တို့က ရွှေဖဲကြိုးကိုင်ပြီး၊ Yumi Mintin က ရွှေကပ်ကျေးဘန်းကို ကိုင်လျက် Rev. Henry Ang, Rev. Livingstone Zan, Rev Than Htun Myat , Rev. Martin Nyun တို့နှင့် အတူ အသင်းသူ/သား များ၊ ကြွရောက်လာကြသော ဧည့်ပရိသတ်များ ဗိမာန်တော် တံခါးရှေ့တွင် အသီးသီးနေရာယူပြီး၊ အဖွင့်ချီးမွမ်းတေးကို သံပြိုင်ကျူး၍၊ Rev. Henry Ang က ဖဲကြိုးဖြတ်၍ အခမ်းအနားကို စတင်ဖွင့်လှစ်လိုက်ပါသည်။ BCF ဥက္ကဋ္ဌ ဦးကြည်ရှင်း နှင့် ဒု–ဥက္ကဋ္ဌ John Ma တို့က ဗိမာန် တော်သစ် တံခါးမကြီးကို ဖွင့်ကြပြီးမှ၊ ဆရာတော်ကြီးများ ဦးဆောင်လျက် ဗိမာန်တော် ဘုရားရှိခိုးကျောင်း ခန်းမအတွင်းသို့ ဝတ်ပြုကိုးကွယ်ရန် ဝင်ရောက်၍ နေရာယူပြီးသည့်နောက် အောက်ပါ အစီအစဉ် အတိုင်း ချီးမွမ်းဝတ်ပြုကိုးကွယ်ကြပါသည်။

စည်းဝေးအစီအစဉ် –

ပဏာမတေး ... ... Bryan Tiu
ပဏာမကျမ်းချက် ... ... Rev. Livingstone Zan
ဝတ်ပြုရန်ဖိတ်ခေါ်ခြင်း ... ... Rev. Henry Ang
သဝဏ်လွှာလက်ခံခြင်း ... ... U Kyi Shinn
အလှူတော်ငွေကောက်ခံခြင်းနှင့်ဆက်ကပ်ခြင်း ... ... Rev. U Than Tun Myat
ဓမ္မတေးသံစုံသီဆိုခြင်း ... ... “Alleluia” “Wonderful Grace of Jesus”
ဆုတောင်းခြင်း ... ... Rev. Martin Nyun
သမ္မာကျမ်းစာဖတ်ခြင်း ... ... Lamentations 3:22-23 Sayama Hsi Mu Shein
တရားဒေသနာ ... ... “GREAT IS THY FAITHFULNESS” Sayama Dr. Eh Wah
ဓမ္မသီချင်း # ၃၃၂ “အသင်းတော်ကိုချစ်ခြင်းကျူး”

နောက်ဆုံးအစီစဉ်အရ၊ ကောင်းကြီးတောင်းခံပြီး သုံးကြိမ် အာမင် ခေါ်ဆိုကြ၍ ဗိမာန် တော်သစ် အနုမောဒနာပြုခြင်းအခမ်းအနား နှင့် ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို ညနေ၄း၀၀ နာရီတွင် ရုတ်သိမ်းပါသည်။ ဤကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်မှာ အဘဘုရားသခင်၏ ကောင်းမြတ်ခြင်း နှင့် ကျေးဇူးတော် ကြောင့်သာတည်း။

တက်ရောက်သူပေါင်း၂၅၀ခန့်ကို ညနေစာ မြန်မာ့ထမင်းဟင်း ၊ အချိုပွဲတို့ဖြင့် အသင်း တော်မှ တည်ခင်းဧည့်ခံပါသည်။ ။



BCF Choir

# *Ministry of the Laity*





*All God's People*

*In All Places,*

*And*

*In All Times,*

*Are Called*

*To Love*

*And*

*To Serve!!!*



# သခင်၏ဖိတ်ခေါ်သံ



**ရှင်ယောဟန်ခရစ်ဝင် ၆ း ၆၈ ရှိမုန်ပေတရုက၊ သခင်၊ အကျွန်ုပ်တို့သည် အဘယ်သူထံသို့သွား ရပါမည်နည်း။ ထာဝရအသက်နှင့်ယှဉ်သောစကားသည် ကိုယ်တော်၌ တည်ပါ၏။**

ခရစ်တော်ယေရှုဘုရားဟာ လောကမှာ သက်တော်ထင်ရှား ရှိခဲ့စဉ်က၊ ရှင်တော်ဘုရားမြတ်နောက်တော်ကို လူအုပ်ကြီးဟာ  ရည်ရွယ်ချက် .. အမျိုးမျိုး၊ မျှော်လင့်ချက် .. အဖြာဖြာနဲ့ လိုက်ကြတယ်လို့ ကျမ်းစာက ဖေါ်ပြခဲ့ပါတယ်။

ဘယ်လို လူတွေက ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ခရစ်တော်နောက်တော်ပါးကို လိုက်ကြသလဲ ။

ဒါကို ဆန်းစစ်ကြည့်မယ် ဆိုရင် –

လူတချို့က မိမိတို့ခံစားနေရသော ရောဂါဝေဒနာတွေ ကွင်းလုံးကျွတ် ပျောက်ကင်းချင်လွန်းလို့ လိုက်ကြတယ်။

တချို့ကတော့ ကိုယ်တော်ပြသော နိမိတ်လက္ခဏာများတို့ကို ကြည့်ချင် မြင်ချင်လွန်းလို့၊ ကိုယ်တော်နောက်ကို တကောက်ကောက် လိုက်ကြတယ်။

တချို့ကလည်း နိုင်ငံရေး ပြောင်းလဲမှုကြီးကို ဖန်တီးနိုင်သူတဦး ဖြစ်လိမ့်မယ်လို့ မျှော်လင့်ချက်တွေနဲ့ လိုက်ကြတယ်။

အဲဒီလူတွေရဲ့ ရည်ရွယ်ချက်တွေ၊ မျှော်လင့်ချက်တွေကို ခြုံပြီး သုံးသပ်ကြည့်လိုက်ရင်၊– အရှုံးအမြတ်ကို ဦးစားပေး စဉ်းစားထားတဲ့ မျှော်လင့်ချက်တွေဘဲ။ အဲဒီ အမြတ် သက်သက်ကို မက်လုံးတကြီးနဲ့ နောက်လိုက်ကြတဲ့ ကိုယ်ကျိုးရှာ နောက်လိုက်သမားတွေမှာ၊ နားမလည်သေးတဲ့ အချက်တချက် ရှိနေတယ်။

အဲဒါက ဘာလဲဆိုတော့၊ –

- လောကလူသားတွေကို ခရစ်တော်ဘုရား ပေးလိုသောအရာဟာ ထာဝရအသက်

နှင့်ဆိုင်တဲ့ အသက်မုန့်၊ ထာဝရအသက်နှင့် ဆိုင်တဲ့ အသက်စမ်းရေ ဖြစ်တယ်။ ကိုယ်တော်ကို နားမလည်ခဲ့ကြဘူး။ ဒီလိုနားမလည်ခဲ့ကြလို့လည်း၊ ကိုယ်တော်ဆီက သူတို့ အလိုရှိနေကြတဲ့အရာဟာ လောကနဲ့ဆိုင်တဲ့ ရုပ်ဝတ္ထုကြီးသက်သက်၊ အစိုင်အခဲကြီးသက်သက်ဘဲဖြစ်နေတယ်။ ဒီတော့ လိုချင်ကြတာက တမျိုး၊ ကိုယ်တော်ပေးတာက တမျိုးဖြစ်နေတယ်။

ခရစ်တော်ဘုရားကလည်း အဲဒီလူတွေကို သူ့တပည့်တွေ ဖြစ်လာအောင် ဆိုပြီး အလိုလိုက်လို့ အကြိုက်ကို မပေးခဲ့ဘူး။ အမြတ်သက်သက်ကြည့်တဲ့ သူတို့ရဲ့ ဆန္ဒရမက်ကို မဖြည့်စွက်ခဲ့ဘူး။ ဒါကြောင့် ကိုယ်တော်က အဲဒီလူတွေကို ပွင့်ပွင့်လင်းလင်းနဲ့ ဘယ်လို မိန့်တော်မူခဲ့ပါသလဲဆိုရင်၊ လူတွေဟာ သူရဲ့တပည့်တော်များ ဖြစ်လာဘို့ မလွယ်ကူဘူး။ ဘယ်လောက်အထိ မလွယ်သလဲဆိုရင် ကုလားအုပ်ဟာ အလွန်ကျဉ်းတဲ့အပ်နဖါးပေါက်ကို ဝင်ဘို့ကမှ လွယ်ချင်လွယ်ဦးမယ်။ လူသားတွေဟာ သူ့တပည့်ဖြစ်ဘို့နဲ့ သူ့ထံက ထာဝရအသက်ကို အမွေဆက်ခံဘို့တော့ မလွယ်လှပါဘူး။ အလွန်ခဲယဉ်းပါတယ်လို့ မိန့်တော်မူခဲ့တယ်။

ဒီလို ပွင့်ပွင့်လင်းလင်းမိန့်တော်မူလိုက်ရာ၊ စောစောကလူအုပ်ကြီးဟာ တဖွဲဖွဲနဲ့နောက်တော်ထံပါးကဆုတ်ခွာသွားကြတယ်။

ဒီအကြောင်းကို ရှင်ယောဟန်က ဘယ်လိုဖေါ်ပြထားခဲ့သလဲ ဆိုတော့၊

- ထိုအခါမှစ၍ တပည့်တော်အများတို့သည် ကိုယ်တော်နှင့် မပေါင်းဘော်ဘဲ ဆုတ်သွားကြ၏။

လို့ ရှင်ယောဟန်ခရစ်ဝင် ၆ း ၆၆ မှာဖေါ်ပြခဲ့တယ်။ အဲဒီလို ဖြစ်နေသော တပည့်တော်များ၊ ကိုယ်ကျိုးရှာ တပည့်တော်များ ထံတော်ပါးက ထွက်ခွာ သွားတော့–
ကိုယ်တော်က တကျိပ်နှစ်ပါးသော တမန်တော်များကို မေးတော်မူတာ –

"သင်တို့သည်လည်း ထွက်ခွာသွားခြင်းငှါ အလိုရှိကြသလော။" တဲ့။

- သင်တို့သည်လည်း ထွက်ခွာသွားခြင်းငှါ အလိုရှိကြသလော။

ယနေ့ကိုယ်တော်ရှင်မြတ်ဟာ ကျွန်ုပ်အပေါင်းကို ဒီလို မေးနေပါပြီ။ ဘယ်လို ပြန်ဖြေ ကြမလဲ။

တမန်တော်တပါးဖြစ်တဲ့ ရှင်ပေတရုကတော့ ဒီလို ပြန်ဖြေခဲ့ပါတယ်။

- သခင် – အကျွန်ုပ်တို့သည် ဘယ်သူ့ထံသို့ သွားရပ့ါမလဲ။

ထာဝရအသက်နဲ့ ဆိုင်တဲ့စကားဟာ ကိုယ်တော်မှာ တည်ပါတယ် – သခင်။
လို့ဖြေခဲ့တယ်။ ဒီအဖြေဟာ အင်မတန်မှ မှန်ကန်တဲ့ အဖြေဘဲ။ ခရစ်တော်ဘုရား သာလျှင်၊ မပျက်စီးနိုင်တဲ့ ထာဝရအသက်ကို ပေးနိုင်တဲ့၊ အရှင်သခင်ဖြစ်တော်မူတယ်။ ကိုယ်တော်ထံက ခွာပြီး ထာဝရအသက်ကို ဘယ်မှာမှ မတွေ့နိုင်ဘူး။ လောကမှာ မြင်တွေ့နေတဲ့ အရာခပ်သိမ်း အနက် ဘယ်အရာကမှ၊ ခရစ်တော်ကဲ့သို့ ထာဝရအသက်ကို မပေးနိုင်ကြဘူး။

ခရစ်တော်တပါးတည်းသာ၊ သူ့ကို ကယ်တင်ရှင်ဟု ယုံကြည်သူအပေါင်းကို – အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဘဝပြောင်းခြင်းတွေ ကင်းတဲ့ ထာဝရအသက်ကို အခမဲ့ ပေးနေတယ်။

ပြီးတော့ ကိုယ်တော်ကို ယုံကြည်သူအပေါင်းဟာ ပျက်စီးခြင်းသို့ မရောက်။ ထာဝရအသက်ကို ရမယ့် အပြင် မိမိကျူးလွန်ခဲ့သော အပြစ်မှလည်း လွတ်ငြိမ်းခွင့် ရမယ်လို့ မိန့်တော်မူခဲ့ပြန်တယ်။

လောကီသားတို့ကို ချစ်တော်မူတဲ့ ကိုယ်တော်ဟာ ဤကဲ့သို့ကယ်တင်နိုင်တဲ့ ကယ်တင်ရှင်ကြီး ဖြစ်ပါတယ်။

ဘာပြုလို့ ခရစ်တော်ဟာ ကယ်တင်ခြင်းတရားကို ပေးနိုင်သလဲလို့ မေးချင်ရင် မေးနိုင်ပါသေးတယ်။ ဤမေးခွန်းကို ခရစ်တော်ရှင်ကဘဲ ဖြေခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ –

- ငါသည် ထမြောက်သောအရှင် ဖြစ်ပြီး၊ ထိုအသက်ရှင်လမ်းကို ပေးနိုင်သော ဘုရားလည်း ဖြစ်တော်မူတယ်။

လို့ ပြောခဲ့တယ်။ ဒီအချက်ကို ရှင်ပေတရုက ကောင်းကောင်းကြီး ရိတ်စားမိပြီး၊ အကြွင်းမဲ့ယုံကြည်လို့ ခရစ်တော်ထံပါးမှ လွဲပြီး ဘယ်သူ့ထံမှ မချဉ်းကပ်လိုကြောင်း၊ ခရစ်တော်ဟာ မည်သည့်အရာနဲ့မျှ အစားထိုးလို့ မရကြောင်းကို ဖွင့်ဟ ဝန်ခံလိုက်တယ်။

မှန်ပါတယ်။ လောကမှာ သဒ္ဒါရ သဘောကို အခြေခံပြီး ရပ်တည်နေတဲ့ နေဂုဏ်၊ ပစ္စည်းဂုဏ်၊ သိပ္ပံပညာ၊ အနုမြူ ရှိသမျှ တို့ဟာ ကျွန်ုပ်တို့ အလွန်အကြူး ဆာလောင် တော်မွတ် နေတဲ့၊ ထာဝရအသက်၊ ငြိမ်သက်ခြင်း မေတ္တာတော်ကို မပေးနိုင်ဘူး။ ဒါပေမဲ့ ခရစ်တော်ဟာ ဒီအရာတွေ အားလုံးကို ပေးနိုင်တဲ့ အရှင် ဖြစ်တော်မူတယ်။

ချစ်သော ညီအစ်ကိုမောင်နှမတို့၊ –
ခရစ်တော်က သင့်ကို မေတ္တာတော်နဲ့ ဖိတ်ခေါ် နေပါတယ်။

- ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။
ငါသည် ချမ်းသာပေးမည်။ လို့၊ အတိအလင်း ဖိတ်ခေါ် နေပါတယ်။ အာမင်။

## *The Fruit of the Holy Spirit*

## သန့်ရှင်းသောဝိညာဉ်တော်၏အသီး

**၁။ ချစ်ခြင်း။**
**၂။ ဝမ်းမြောက်ခြင်း။**
**၃။ ငြိမ်သက်ခြင်း။**
**၄။ စိတ်ရှည်ခြင်း။**
**၅။ ကျေးဇူးပြုခြင်း။**
**၆။ ကောင်းမြတ်ခြင်း။**
**၇။ သစ္စာစောင့်ခြင်း။**
**၈။ နူးညံ့သိမ်မွေ့ခြင်း။**
**၉။ ကာမဂုဏ်ချုပ်တည်းခြင်း။**
ဂလာတိ၊ ၅း၂၂–၂၃



# ဖွင့်ထားသောတံခါး



ဧဝံဂေလိတရား ဝေမျှဟောကြားခြင်း သာသနာတွင် ‘‘ဖွင့်ထားသောတံခါးများ’’ သည်လည်း အဓိကကျသောအချက်ဖြစ်သည်။

သခင်ယေရှုမိန့်တော်မူသည်ကား –

- သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ် စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။
- ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒပေး ကြလော့။
- ငါသည်လည်း ကပ်ကမ္ဘာကုန်သည် တိုင်အောင် သင်တို့နှင့် အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။ မဿဲ၊ ၂၈း၁၉–၂၀။

‘‘လူမျိုးတကာ’’ ဟူသောစကားလုံးသည် ဂရိဘာသာစကား ‘‘ethnos’’ မှ ဆင်းသက်လာပြီး၊ ၎င်းမှတဆင့် ‘‘ethnic – တိုင်းရင်းသားလူမျိုး’’ ဟု အဓိပ္ပာယ် ရှိသော စကားလုံးဆင့်ပွားလာသည်။ တစ်နည်းအားဖြင့် ‘‘သင်တို့သွား၍ တိုင်းရင်းသား လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေကြလော့’’ ဟူ၍ဖြစ်သည်။

ကားတိုင်တော်ပေါ်၌ ယေရှုပြုခဲ့သောအမှု အားဖြင့် အဘခမည်းတော်ထံ သွားရာလမ်းကို လူတိုင်းအတွက် ဖွင့်ပေးခဲ့သည်။

ယခုတွင် ဘုရားသခင်က ကျွန်ုပ်တို့အား ဂရုစိုက်တော်မူ သကဲ့သို့ အခြားသူများအား ဂရုတစိုက်ရှိရန် ကျွန်ုပ်တို့၌ အခွင့်အရေးရှိသည်။ ဘုရားသခင်၏ အိမ်တော်၌ မိသားစုဝင် အဖြစ်တစ်ဦးချင်း ဖိတ်ခေါ်ခံရရန် မည်သည့်အခါကမျှ အိပ်မက် မမက်ခဲ့ဖူးသည့် သူတစ်ဦးအတွက် ကျွန်ုပ်တို့ တံခါးဖွင့်ပေးနိုင်သည်။

သခင်ဘုရား၊
ယနေ့ ကျွန်ုပ်တို့ တွေ့ဆုံရမည့်သူအား ကိုယ်တော့်အကြောင်းကို ပြောကြားရန် ကျွန်တော်မျိုးအား ဟောပြောရမည့် စကားလုံးများ ပေးသနားတော်မူပါ။ ယုံကြည်လက်ခံမည့်သူ အားလုံးအတွက် ကယ်တင်ခြင်းတံခါးများကို သခင်ယေရှု ဖွင့်ပေး၍ ဝမ်းမြောက်စွာ ကြိုဆိုနေကြောင်းကို သိရှိပါ၏။ အာမင်။

## Laity Sunday

BCF will be held Laity Sunday in February 28th 2016. It's there to call our attention to the fact that the laity are an important part of the church.

But who are the laity of the church?

By definition, they are the non-clergy members of the church.

I, for one, am not very satisfied with this definition, for it makes too light the importance of the true lay person in the church.

Clergyman is not a member of this church, according to the by-laws; therefore, by definition, the lay members are the church.

I believe a much better definition of a church lay person is one who believes in the Lord Jesus Christ, has committed their life to Him, and desire to serve Him in any capacity that they are called to serve in, and to perform that service in the same kind of love that the Lord has shown us, and to the whole of His creation.

Therefore, we could say that the believing church, the church that desire to live by God's heavenly will here on earth as it is in heaven is the true laity, and it is to them that this sermon and this day are dedicated.

I also believe that it is important to dedicate this day as a day of encouragement to others to seek the Lord Jesus Christ as their personal Savior, and to begin a new life in service to Him.

A church cannot function or survive if the only workers are the clergy.

Laity
Partners in Ministry